## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် **၃၅** / ၂၀၂၃

၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် **၁၁** ရက်

( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ **၁၅** ရက် )

### ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ " **ဘဏ္ဍာရေးဆိုင်ရာကော်မရှင်** " ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ<br>နိုင်ငံတော်ဝန်ကြီးချုပ် | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ<br>ဒုတိယဝန်ကြီးချုပ် | ဒုတိယဥက္ကဋ္ဌ ( ၁ ) |
| (ဂ) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ ( ၂ ) |
| (ဃ) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုစာရင်းစစ်ချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (စ) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဆ) | ဝန်ကြီးချုပ်<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဇ) | ဝန်ကြီးချုပ်<br>ကယားပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |

(ဈ) ဝန်ကြီးချုပ် အဖွဲ့ဝင်
ကရင်ပြည်နယ်အစိုးရအဖွဲ့

(ည) ဝန်ကြီးချုပ် အဖွဲ့ဝင်
ချင်းပြည်နယ်အစိုးရအဖွဲ့

(ဋ) ဝန်ကြီးချုပ် အဖွဲ့ဝင်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဌ) ဝန်ကြီးချုပ် အဖွဲ့ဝင်
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဍ) ဝန်ကြီးချုပ် အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဎ) ဝန်ကြီးချုပ် အဖွဲ့ဝင်
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဏ) ဝန်ကြီးချုပ် အဖွဲ့ဝင်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

(တ) ဝန်ကြီးချုပ် အဖွဲ့ဝင်
မွန်ပြည်နယ်အစိုးရအဖွဲ့

(ထ) ဝန်ကြီးချုပ် အဖွဲ့ဝင်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

(ဒ) ဝန်ကြီးချုပ် အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(ဓ) ဝန်ကြီးချုပ် အဖွဲ့ဝင်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

(န) ဝန်ကြီးချုပ် အဖွဲ့ဝင်
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

(ပ) ပြည်ထောင်စုဝန်ကြီး အတွင်းရေးမှူး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

၂။ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်ထောင်စုနယ်မြေအသုံးစရိတ်များပါရှိသော ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေငွေစာရင်း၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်လျော်သလိုဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့်ထောက်ပံ့ခြင်း၊ ချေးငွေများခွင့်ပြုခြင်း အပါအဝင် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း သို့မဟုတ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ ထောက်ခံတင်ပြရမည်၊

(ခ) ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်သင့်သည့်ကိစ္စများကို အကြံပြုနိုင်ရေးအတွက် ဆောင်ရွက်ရမည်၊

(ဂ) လိုအပ်ပါကဘဏ္ဍာရေးကျွမ်းကျင်သူများ၏ အကြံဉာဏ်များကို ရယူဆောင်ရွက်နိုင်သည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၇ - ၈ - ၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၂၃/ ၂၀၂၁ နှင့် ၂၃ - ၉ - ၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၇၅ / ၂၀၂၁ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး